"ဗိုလ်စိန်မှန်ဆိုရင် တော်တော်တိုက်ခဲ့တာ။သူ့အနား မော်တာကျည်ဆံတွေ တပြုံကြီး ပေါက်ကွဲတာတောင် မသေဖူး။သေနေ့မစေ့သေးလို့ပေါ့လေ။ ဒါပေမယ့် သွေးလန့်သွားပြီး တခါတခါ အလိုလိုနေယင်း လူဟာ မလှုပ်နိုင် မရှားနိုင် ကျောက်ရုပ်လို ဖြစ်သွားတတ်တယ်" ဟု မကြာမကြာပြောဖူးသည်။

အထူးတိုင်းမင်းကြီးတာဝန်ကို ယူ၍ တပ်မတော်အရေးပေါ် ဗိုလ်မှူးကြီး ရာထူးဖြင့် ဗိုလ်စိန်မှန်သည် သာယာဝတီ၊ လက်ပံတန်းနှင့် ပြည်ဖက်မှ ဆင်းလာသော ကရင်တပ်များကို ခံခဲ့သည်။ သူ့တပ်များတွင် ကျောင်းသား၊ စစ်ရဲ၊ ဘီ၊ တီ၊ အက် အစုံပါသည်။ ရရာလက်နက်ကို စွဲကိုင်၍ တိုက်ကြသည်။ သူတို့ခံ၍ ကရင်တပ်များ လိုမ့်ဆင်းလာခြင်း တန့်သွားသည်။

၁၉၄၈ ခုနှစ် ဩဂုတ်လအတွင်းက ဗမာတပ်ရင်းအချို့ ထကြွခဲ့ကြသည်ကို အကြောင်းပြု၍ ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းတို့က ကရင် တပ်ရင်းများအား လက်နက်ကြီးများ ထုတ်ပေးခဲ့သည်။ ခဲယမ်းမီးကျောက်၊ ဘရင်းစက်သေနတ်တင် သံချပ်ကား စသည်တို့ကိုလည်း ထုတ်ပေးခဲ့သည်။ ယင်း ကရင် တပ်များ သည် ၁၉၄၉ ခုနှစ်ဆန်းသောအခါ ရန်ကုန်ကို သိမ်းပိုက်ရန် ချီတက်လာကြခြင်း ဖြစ်လေသည်။

ပြည်မှ ကရင်သေနတ်ကိုင်တပ်ရင်း အမှတ် ၂ သည် လက်နက်ကြီး လက်နက် သေး အစုံ၊ တပ်ရင်း အပြည့်၊ မိသားစုများပါ တပါတည်း တင်ဆောင်၍ ထရပ်ကား အစီး ၁၈၀ ကျော်ဖြင့် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရန်ကုန်သို့ ထွက်သည်။ ကေ၊ အင်၊ ဒီ၊ အို တပ်များပါဆိုလျှင် စစ်သားများကပင် ၁၅၀၀ ကျော်မည်။ လမ်းတွင် အခက်အခဲမရှိ။ ရန်ကုန်သို့ အချိန်ကိုက်ဝင်မည် တွက်ဆကြသည်။

ဗိုလ်မှူးချစ်မြိုင် (ယခု သံအမတ်ကြီး) ခေါင်းဆောင်သော ဗမာ့သေနတ် ကိုင်တပ်ရင်း ၃ သည် ဗိုလ်ရဲထွဋ်နှင့် ရဲဘော်အချို့ထွက်သွားပြီးနောက် အားနည်း၍ ကျန်ရစ်သည်။ တောခိုတပ်ရင်းဟု အစိုးရပိုင်းနှင့် စစ်ရုံးမှ ကရင်ဦးစီး ဗိုလ်ချုပ် များက နှိမ်သည်။ သို့ရာတွင် ဗိုလ်ချုပ်နေဝင်းက ကျန်သော ဗိုလ်၊ အကြပ်၊ တပ် သားများကို စောင့်ရှောက်အားပေးသည်။ တိုက်ရေး ခိုက်ရေး တာဝန်များကို စိတ်ချစွာပေးသည်။ မြစ်ဝကျွန်းပေါ်တွင် အရေးကြီးနေသဖြင့် ဗိုလ်မှူးကျော်စိုး (ယခု တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးကြီး) ခေါင်းဆောင်သော တပ်ရင်း ၄ ကို မအူပင်၊ ပုသိမ်သို့ ပို့ခဲ့သည်။ ဗိုလ်မှူးကြီးတင်ဖေ (ယခု ဗိုလ်မှူးချုပ်၊တော်လှန်ရေး ကောင်စီဝင်)အား တနင်္သာရီ အထူးတိုင်းမင်းကြီးအဖြစ် စေလွှတ်ခဲ့ကြသည်။

တပ်ရင်း ၃ ကို ဖျာပုံဖက်တွင် တာဝန်ချခဲ့သည်။ အင်းစိန် ကေ၊အင်၊ဒီ၊အို လက်သို့ရောက်၍ ကရင်သေနတ်ကိုင် တပ်ရင်းများက ပြည်ဖက်၊ တောင်ငူဖက်မှ

ရန်ကုန်သို့ချီလာပြီ သတင်းရသောအခါ တပ်ရင်း ၃ ကို ရန်ကုန်သို့ အမြန်ခေါ်ရသည်။

တံ့တေးတူးမြောင်းကို ကေ၊အင်၊ဒီ၊အို သိမ်းထားသဖြင့် တပ်ရင်း ၃ သည် သခွပ်ဝ၊ သီလဝါမှလှည့်ကာ ရန်ကုန်မြစ်မှ ဝင်ရသည်။ ခရီးရောက်မဆိုက် သာယာဝတီသို့တက်ကြရာ ဖေဖော်ဝါရီလ ၇ ရက်နေ့ ညနေတွင် ရောက်သည်။ နယ်ကိုနိုင်သည့်နည်းဖြင့် ထိန်းထားခဲ့သော ဗိုလ်မှူးစိန်မှန်သည် စစ်ကူရောက်လာမှ စိတ်လက်ချကာ ဘုံးဘုံးလဲနိုင်တော့သည်။ "ငါ ၂၇ ရက်လုံးလုံး ထမင်းမစား ဟင်းမစား အရက်သောက်ပြီး တိုက်နေရတယ်" ဟု သူဆိုကာ သူ၏ စစ်ရဲ၊ စစ်ဝန်ထမ်းတို့ကို ဗိုလ်မှူးချစ်မြိုင်အား အပ်ကာ ဆေးရုံ ပြေးတက်ရသည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့ နံနက်စောစော တပ်ရင်း ၃ ကြို့ပင်ကောက် ရောက်သည်။ မြို့အလွန် ဝက်ကော်တန်တားတွင် သူပုန်ကရင်တို့နှင့် ဗိုလ်မင်းလွင်၊ ဗိုလ်ချင်းတို့ခေါင်းဆောင်သော စစ်ရဲတပ် တွေ့ကြသည်။ စစ်ရဲတပ် အားမတန်၍ ဆုတ်ရသည်။

ဗိုလ်စန်းယု (ယခု ဗိုလ်မှူးချုပ်၊ ကာကွယ်ရေး ဒု-ဦးစီးချုပ်)၊ ဗိုလ်ကျော် (ယခု ဗိုလ်မှူးကြီး)၊ ဗိုလ်စိန်မြ(ယခု ဗိုလ်မှူးကြီး၊ တိုင်းမှူး)၊ ဗိုလ်ထင်ကျော်(ယခု ဗိုလ်မှူးကြီး)စသူတို့ ခေါင်းဆောင်သော တပ်ခွဲသုံးခွဲတွင် လူမပြည့်။ စုစုပေါင်း ရဲဘော် ၁၇၀ ခန့်သာရှိသည်။ လက်နက်ကြီးဆို၍ **ဘိုဖာအမြောက်**[၁၅] တလက်၊ ၆ ပေါင်ဒါအမြောက်တလက်လောက်သာရှိသည်။ အမြောက်များကို ကျော်သိမ်းလွင်(ယခု ရေတပ်ဗိုလ်မှူး)နှင့် ကျော်ခင်(ယခု ဗိုလ်ကြီး)တို့က အုပ်ချုပ်၍ ပစ်ခတ်ကြသည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ အပြင်းအထန် တိုက်ခိုက်ကြရသည်။ သူပုန်တို့ဖက်မှ အမြောက်လက်စုံ သုံးသည်။ အမြောက်ဆံ၊ ကျည်ဆံ ပေါသည်။ ဗမာ့တပ်မတော်ဖက်မှ ချွေချွေတာတာ သုံးရသည်။ အမြောက်များတွင် ချိန်ကွက်မပါ။ အမှန်းအဆနှင့် ပစ်ရသည်။ သို့ရာတွင် ချက်ကောင်းများကို ထိမှန်သည်။ဗိုလ်ကျော်သိမ်းလွင် အမြောက်ပစ်ကောင်း၍ 'သူရ' ဘွဲ့ရသည်။

ဖေဖော်ဝါရီလ ၁၀ ရက် တရက်လုံး ကွင်းထဲတွင် ဗိုလ်စိန်မြခေါင်းဆောင်၍ တိုက်ရသည်။ ၁၁ ရက်နေ့တွင် သူပုန်တို့ပြို၍ အရှေ့ဖက်ရိုးမဆီသို့ ဆုတ်ကြသည်။ ဗိုလ်ကျော် ခေါင်းဆောင်သော တပ်ခွဲက လိုက်၍ တိုက်ရာ သူပုန် တပ်ရင်းမှူး

---

၁၅ Boffor gun